PARAMI ENERGY

# ပါရမီစွမ်းအင်ကုမ္ပဏီများအုပ်စုအတွက် လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးမူဝါဒ

ပါရမီစွမ်းအင်ကုမ္ပဏီများအုပ်စုသည် မိမိတို့၏ဝန်ထမ်းများလုပ်ငန်း တာဝန်ထမ်းဆောင်ရာတွင် မတော်တဆထိခိုက်ဒဏ်ရာရရှိမှုများနှင့် ရောဂါဘယဖြစ်ပွားမှုများမှ ကြိုတင်ကာကွယ်နိုင်ရန် လုပ်ငန်းခွင်ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒများကို လိုက်နာကျင့်သုံးနေပါသည်။

## နိဒါန်း

မိမိတို့သည် လုပ်ငန်းခွင်၌ ထိခိုက်ဒဏ်ရာရရခြင်း၊ ဖျားနာခြင်းဖြင့်မလိုလားအပ်သော ပျက်စီးဆုံးရှုံးမှုများကြောင့် ကုန်ကျစရိတ်များ မဖြစ်ပေါ်စေရန် လုပ်ငန်းခွင်ကျန်းမာရေး စောင့်ရှောက်မှု၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ ဥပဒေများ၏ အရေးပါမှုကို လေးစားစွာ အလေးထားဆောင်ရွက်လျှက်ရှိပါသည်။ မိမိတို့၏ စီးပွားရေးလုပ်ငန်း အောင်မြင်ဖြစ်ထွန်းရန် အဓိကကျသော လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးကို ဦးစားပေး၍ ဆောင်ရွက်လျက် ရှိပါသည်။

ယခုမူဝါဒသည် ကုမ္ပဏီ၏ကျင့်သုံးလျက်ရှိသော ဝန်ထမ်းကျင့်ဝတ်နှင့် အနည်းနှင့်အများ ထပ်တူညီနေသည်ကို တွေ့မြင်နိုင်ပါသည်။ ယခုမူဝါဒသည် မိမိတို့ကုမ္ပဏီ ဝန်ထမ်းများအားလုံး၊ အရာရှိအဆင့်များ၊ ဒါရိုက်တာများနှင့် သက်ဆိုင်ပြီး ကုမ္ပဏီ၏လက်အောက်ခံ ကုမ္ပဏီခွဲများနှင့်လည်း သက်ဆိုင်ပါသည်။

## တစ်ဦးချင်းဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာပျော်ရွှင်စွာရှင်သန်ရေး

၁။ ဝန်ထမ်းများသည် ရုံးလုပ်ငန်းခွင်တွင်သာမက တာဝန်ဖြင့် ခရီးသွားလာရာတွင်လည်း ကုမ္ပဏီမှသတ်မှတ်ထားရှိသော ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံမှုဆိုင်ရာ စည်းကမ်းများကို လိုက်နာရန်

၂။ ဝန်ထမ်းများသည် လုပ်ငန်းတာဝန် ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရှိလျှင်သော်လည်းကောင်း၊ လုပ်ငန်းနှင့်ဆက်နွယ်သော ထိခိုက်ဒဏ်ရာရရှိမှုကြုံတွေ့လာလျှင်အချင်း ဖြစ်ပွားမှုဆိုင်ရာ သတင်းပို့မှုလုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်ရန်

PARAMI ENERGY

THE GLOBAL COMPACT
WE SUPPORT

၃။ ဝန်ထမ်းများသည် မိမိလုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သက်ဆိုင်သည့် စီမံကိန်းများကို အလေးထားဂရုစိုက်လုပ်ဆောင်ရန်

၄။ ဝန်ထမ်းများသည် ဖြစ်လေ့ဖြစ်ထရှိသော လုံခြုံရေးဆိုင်ရာ ထိခိုက်ဒဏ်ရာရမှု ဖြစ်တတ်သော ရေစွတ်စိုသည့်ကြမ်းပြင်များ၊ ပြင်ဆင်နေသည့် အဆောက်အဦးနေရာများ၊ချို့ယွင်းနေသည့် လျှပ်စစ်သုံးကိရိယာများ သုံးစွဲခြင်းအား အထူး သတိထားရန်တို့ဖြစ်ပါသည်။

## လုပ်ငန်းခွင် ကျန်းမာရေးလမ်းညွှန်ချက်များ

ပါရမီသည် ဝန်ထမ်းများအား ကျန်းမာရေးကဏ္ဍအရ စောင့်ရှောက်သည့်အစီအစဉ် တစ်ရပ်အနေဖြင့် လုပ်ငန်းခွင်ကျန်းမာရေးဆိုင်ရာပေါ်လစီနှင့် လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သက်၍ လုပ်ငန်းခွင်အကြိုဆေးစစ်ခြင်း၊ လုံခြုံစိတ်ချရသော လုပ်ငန်းခွင်ဖြစ်စရန် စီမံထားရှိခြင်း၊ ကျန်းမာရေးနှင့် ညီညွတသောစားသောက်မှု၊ အရေးပေါ်ထိခိုက်ဒဏ်ရာရမှုအတွက် ကြိုတင်စီမံချက်၊ ရှေးဦးသူနာပြုအထောက်အကူပစ္စည်းများ၊ ဆေးလိပ်၊ ကွမ်းယာ၊ အရက်နှင့် တားမြစ်ဆေးဝါး များကို လုပ်ငန်းခွင်တွင်းသို့မဟုတ် ရုံးအတွင်း သုံးစွဲမှုတို့အပေါ် ကန့်သတ်ချကများ စီမံထားရှိပါသည်။ ကျန်းမာသော လူမှုဘဝကို လုပ်ငန်းငန်းခွင်ပြင်ပတွင်လည်း ရရှိစေရေးအတွက် အလားတူအလေ့အထများကို ထိန်းသိမ်းရန် မိမိတို့ဝန်ထမ်းများကို တွန်းအားပေးသည်။

## လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး လုပ်ထုံးလုပ်နည်းများနှင့် မူဝါဒ

လုပ်ငန်းခွင် အန္တရာယ်ကင်းရင်းရေးအတွက် အောက်ပါအတိုင်း စီစဉ်ဆောင်ရွက် ထားရှိပါသည်–

၁။ လုပ်ငန်းခွင် နေရာသတ်မှတ်ထားရှိခြင်းနှင့် လုပ်ငန်းလည်ပတ်မှုစနစ် သတ်မှတ်ထားရှိခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း

၂။ တကိုယ်ရည်သုံး ကာကွယ်ရေးပစ္စည်းကိရိယာများအား လိုအပ်သလို စီစဉ်ထားရှိပြီး ပြုပြင်ထိန်းသိမ်းပေးခြင်း

၃။ မိမိတို့၏လုပ်ငန်းခွင်လုံခြုံ၍ ဘေးအန္တရာယ်ကင်းရှင်းနိုင်စေရန် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတင်းအချက်အလက်များ၊ ညွှန်ကြားချက်များ၊ သင်တန်းများ၊ ကြီးကြပ်ဆောင်ရွက်မှုများ ပြုလုပ်ထားရှိခြင်း

၄။ အခါအားလျော်စွာ လုံခြုံရေးဆိုင်ရာဝန်ထမ်းများအား ဘေးအန္တရာယ်ကငးရှင်းရေး သင်တန်းများ ပြည့်စုံစွာပို့ချလျက် လုပ်ငန်းခွင်အား အထောက်အပံ့ ဖြစ်စေခြင်း

၅။ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ထမ်းများ၏ အကြံပြုချက်များ ရယူ၍ ပူးပေါင်းဆောင်ရွက်ခြင်း

၆။ ဘေးအန္တရာယ် ကင်းရှင်းရေးလုပ်ဆောင်ချက်များနှင့် ပတ်သက်၍ အစဉ်တစိုက ပြန်လည် သုံးသပ်ခြင်းဖြင့် တိုးတက်စေခြင်း

၇။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးမူဝါဒပြဌာန်းခြင်း

၈။ မိမိတို့သည် သဘာဝပတ်ဝန်းကျင်အပေါ်တွင် ဆိုးကျိုးသက်ရောက်မှုများ မကျရောက် စေရန်အတွက် မိမိတို့၏လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး သာမကဘဲ သဘာဝ ပတ်ဝန်းကျင်ပျက်စီးမှုမှ ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများကိုလည်း အလေးထားဆောင်ရွက်ရန်

၉။ အခြေအနေခိုင်လုံပါက သဘာဝပတ်ဝန်းကျင် လေ့လာဆန်းစစ်သုံးသပ်ချက်တစ်ခုကို လုပ်ဆောင် ပြီးနောက် လေ့လာတွေ့ရှိချက်များကို အခြေခံပြီး ဆက်လက် လုပ်ဆောင်ရမည် ဖြစ်သည်။

(က)သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို သဘာဝပတ်ဝန်း ကျင်ဆိုင်ရာဖြစ်နိုင်သည့် မလိုလားအပ်သောအကျိုးဆက်များကို လျှော့ချနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၁၀။ လုပ်ငန်းခွင်၊ ပါရမီစီးပွားရေးနှင့်ပတ်သက်ပြီး အခြားသောနေရာ သို့မဟုတ် ခရီးသွားနေစဉ်တွင် ဝန်ထမ်းတစ်ဦး ထိခိုက်ဒဏ်ရာရလျှင် ၎င်းတို့ကို မတော်တဆ ထိခိုက်မှုအစီရင်ခံစာမှတ်တမ်းတွင် ဖိုင်တွဲထား ပြီး မိတ္တူပွားထားရမည် ဖြစ်သည်။ တစ်စုံကို လူ့စွမ်းအားအရင်းအမြစ်ဌာနနှင့်တစ်စုံကို ဥပဒေဌာနသို့ ပေးထားရမည်။

(က)၎င်းတို့ကို ရုံးသို့ပြန်ရောက်ပြီး ၂၄ နာရီအတွင်း ဖိုင်တွဲထားသင့်သည်။

(ခ) ဝန်ထမ်းသည် ဆေးကုသမှုခံယူရန်လိုအပ်လျှင် ၎င်းတို့အနေဖြင့် ရုံးသို့ချက်ချင်းအကြောင်းကြားရမည်ဖြစ်ပြီး လိုအပ်သည့်ကူညီ ထောက်ပံ့မှုများကို ပေးမည်ဖြစ်သည်။

(ကက) ဝန်ထမ်းသည် ရောဂါရှာဖွေမှု၊ ကုသမှု၊ ဆေးဝါးဆက်လက်ကုသရန်ထောက်ခံချကနှင့် ကုန်ကျစရိတ်အားလုံးအတွက် ပြေစာ မိတ္တူတစ်စုံကို ပေးအပ်ရန်တာဝန်ရှိသည်။

(ခခ) ယင်းအထောက်အထားများ၏မိတ္တူကို မတော်တဆ မှတ်တမ်းဖိုင်နှင့်အတူ ဖိုင်တွဲထားရမည်။

၁၁။ သန်လျှင် LPG စက်ရုံကဲ့သို့သော လုပ်ငန်းခွင်ထဲ၌ အန္တရာယ်ရှိမှုဆိုင်ရာစီမံခန့်ခွဲမှုအတွက် အထူးလုံခြုံရေးလုပ်ငန်းစဉ်များကို တိုးမြှင့်လုပ်ဆောင်ရမည်။

တည်ပြုသူ-

Pyi Wa Tun
CEO and Chairman
Parami Energy Group of Companies